# ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး

## ပထမနေ့အစီအစဉ်

## [ ၁၈–၁၀–၂၀၁၂] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦး ကတိသစ္စာပြုခြင်း နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးနှင့် ပဥ္စမပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း –

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ၁၆–၉–၂၀၁၂ မှ ၂၆–၉–၂၀၁၂ ရက်နေ့ အထိ ဩစတြေးလျ၊ စင်ကာပူနိုင်ငံများသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်။

(ခ) ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော အဖွဲ့၏ ၈–၇–၂၀၁၂ ရက်နေ့ မှ ၁၂–၇–၂၀၁၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ အာဆီယံပါလီမန်

အမတ်များညီလာခံအမှုဆောင်အစည်းအဝေးနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်ရှာဖွေရေးကော်မတီ၏ နဝမအကြိမ် အစည်းအဝေး တက်ရောက်ခဲ့သည့် ခရီးစဉ်။

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုးမြင့် ခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၄ ဦး ပါဝင်သော အဖွဲ့၏ ၁၆–၈–၂၀၁၂ မှ ၂၅–၈–၂၀၁၂ ရက်နေ့ အထိ တရုတ်နိုင်ငံသို့သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်။

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၈ ဦး ပါဝင်သော အဖွဲ့၏ ၉–၉–၂၀၁၂ မှ ၁၄–၉–၂၀၁၂ ရက်နေ့အထိ အမေရိကန်နိုင်ငံသို့သွားရောက် ခဲ့သည့် လေ့လာရေးခရီးစဉ်။

(င) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး ပါဝင်သော အဖွဲ့၏၁၆–၉–၂၀၁၂ ရက်နေ့ မှ ၂၂–၉–၂၀၁၂ ရက်နေ့ အထိ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့ပြီး ၃၃ ကြိမ်မြောက် AIPA ညီလာခံတက်ရောက်သည့် ခရီးစဉ်။

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ပါဝင်သော အဖွဲ့၏၂၄–၉–၂၀၁၂ မှ ၁–၁၀–၂၀၁၂ ထိ အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ၆၇ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက် ခဲ့သည့် ခရီးစဉ်။

(ဆ) အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး ပါဝင်သော အဖွဲ့၏ ၁၅–၁၀–၂၀၁၂ မှ ၁၉–၁၀–၂၀၁၂ ထိ ဂျာမနီနိုင်ငံသို့ ခရီးသွားရောက်ခဲ့ သည့် ခရီးစဉ်။

( ဇ ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ခေါင်းဆောင်သည့် အဖွဲ့ဝင် ၉ ဦးပါဝင်သော အဖွဲ့၏ ၁၅–၁၀–၂၀၁၂ မှ ၁၉–၁၀–၂၀၁၂ ထိ အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့သည့် ခရီးစဉ်။

၈။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ မေးခွန်းများမေးမြန်းခြင်းနှင့် ပတ်သက်၍ မည်သို့မည်ပုံဆောင်ရွက်နေကြောင်း၊ အချို့သော လွှတ်တော်ကိုယ်စားလှယ်များသည် မေးခွန်းအား ၆–၇–၈ ကြိမ်ထိ မေးမြန်းခွင့် အဘယ်ကြောင့် ရရှိကြောင်း သိလိုသည် နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ ထီးချိုင့်–မြဲတောင် ဇရာဝတီ မြစ်ကူးတံတား တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း။

( ဂ ) ဦးတင်မောင်၊ ချမ်းမြသာစည် မဲဆန္ဒနယ်၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ နစ်နာမှုမရှိစေရေးအတွက် ကမ္ဘာ့ပေါက်ဈေးအတိုင်း ရရှိရန် အတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်၏ မင်းတပ်မြို့တွင် ရှေးဟောင်း ပစ္စည်းပြတိုက် အဆောက်အဦ ဆောက်လုပ်ပေးနိုင်ရန် အခွင့်အလမ်း ရှိ/မရှိ၊ ရှိပါက မည်သို့ဆက်သွယ်ဆောင်ရွက်ရန် နှင့် စပ်လျဉ်းသည့်မေးခွန်း။

( င ) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်၏ နာဂလွှ သမြို့နယ်များတွင် ဘိန်းစိုက်ပျိုးနေမှု တိုက်ဖျက်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက် သွားရန် နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒာဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ ရန်ကုန်မြို့တော်တွင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း နေ့စဉ်တိုး၍ ချိုးဖောက်နေမှုများ ဟွန်းမတီးရ အမိန့်များကြောင့် ယာဉ်အန္တရာယ်များပို၍ ဖြစ်နေခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း။

၉။ ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်က “ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်နှင့် အချိန်ကြာမြင့်စွာ ကင်းကွာနေမှုမရှိစေရေး၊ နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်နိုင်ရေးအတွက် တစ်နှစ်လျှင်(၆)လထက်မပိုသော ကာလအထိသာ လွှတ်တော်ပုံမှန် အစည်းအဝေးများကျင်းပရန် လွှတ်တော်များသို့ တိုက်တွန်းကြောင်း” အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ ပြည်သူ့လွှတ်တော်တွင်စတင်တင်သွင်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော “ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေ ကြမ်း” ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော “၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်း ဥပဒေ ကို ရုပ်သိမ်းသည့် ဥပဒေ ကြမ်း” နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော "နိုင်ငံတော်၏ တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ ကို ရုပ်သိမ်းသည့် ဥပဒေ ကြမ်း" နှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော " ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေး အက်ဥပဒေ ကို ရုပ်သိမ်းသည့် ဥပဒေ ကြမ်း" နှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော " မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေ ကို ရုပ်သိမ်းသည့် ဥပဒေ ကြမ်း" နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။။

၁၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ပထမနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။